**Yoma Bank Limited သည် Thanlyin Estate Development Limited နှင့် Star City International School Company Limited တို့ထံမှ မြေယာအဆောက်အဦး (၁၀၀) % ဝယ်ယူပြီးစီးကြောင်း အသိပေးထုတ်ပြန်ကြေငြာခြင်း**

## ၁။ နိဒါန်း

ဖတ်(စ်)မြန်မာအင်ဖက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ "ကုမ္ပဏီအုပ်စု") ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော Yoma Bank Limited ("YB") သည် သန်လျင်မြို့နယ် StarCity တွင်တည်ရှိသော ခန့်မှန်းခြေအားဖြင့် မြေအကျယ်အဝန်း ၂၆,၇၀၅ စတုရန်းပေ ("ရောင်းချပစ္စည်း")နှင့် ၎င်းပေါ်ရှိ ၃ထပ်ခွဲအဆောက်အဦ နှစ်ခု (စုစုပေါင်းကြမ်းခင်း အကျယ်အဝန်း ၁၇၈,၀၁၉ စတုရန်းပေ) ("အဆောက်အဦများ") ကို ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီတစ်ခုဖြစ်သော Thanlyin Estate Development Limited ("TED") နှင့် TED ၏ ရာနှုန်းပြည့်လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော Star City International School Company Limited ("SCIS") တို့ထံမှ ၂၀၂၃ခုနှစ်၊ မတ်လ၊ (၃၁)ရက် ("အရောင်းအဝယ်ပြုလုပ်သည့်နေ့") တွင် တန်ဖိုးငွေ ကျပ် (၁၁၁,၂၄၂) သန်း ဖြင့် ဝယ်ယူပြီးစီးခဲ့ပြီး ဖြစ်ကြောင်း အသိပေးကြေငြာလိုပါသည်။

TED သည် ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်ရှိ StarCity စီမံကိန်းကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီဖြစ်ပြီး StarCity စီမံကိန်းတွင်တည်ရှိသော ခန့်မှန်းခြေအားဖြင့် မြေအကျယ်အဝန်း ၈၉၇,၈၆၇ စတုရန်းပေပေါ်ရှိ အဆောက်အဦများအတွက် ၂၀၁၈ခုနှစ်၊ မတ်လ၊ ၂၀ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ထံမှ မြေငှားဂရန် ရရှိထားပါသည်။ အဆိုပါမြေအဆောက်အဦအား TEDသည် ၂၀၁၉ခုနှစ်၊ ဇွန်လ၊ (၁၀) ရက်နေ့နှင့် ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၀) ရက်နေ့အသီးသီးတို့တွင် ပြင်ဆင်ချုပ်ဆိုခဲ့သည့် မြေငှားစာချုပ်အတိုင်း SCISသို့ နှစ်ရှည်ပြန်လည်အငှားချထားပြီးဖြစ်ပါသည်။

YB သည် ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ၊ (၂၂) ရက် တွင်ချုပ်ဆိုခဲ့သော (၁၀) နှစ်စာ ငှားရမ်းသဘောတူညီချက်အရ TED (SCIS ကိုယ်စား) ထံမှ ရောင်းချပစ္စည်းများအား ငှားရမ်းခဲ့ပါသည်။ လက်ရှိတွင် YBသည် ငှားရမ်းထားသော ရောင်းချပစ္စည်းများအား ၎င်းတို့၏ ရုံးချုပ်အဖြစ် အပြည့်အဝပိုင်ဆိုင်ရန်အတွက် ဝယ်ယူရန်ဆုံးဖြတ်ခဲ့ခြင်းကြောင့် ယခုအရောင်းအဝယ်ကို လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

## ၂။ ရောင်းချပစ္စည်းနှင့် စပ်လျဉ်း၍ လွတ်လပ်မျှတသည့်တန်ဖိုး

ရောင်းချပစ္စည်းအား လွတ်လပ်မျှတသည့်တန်ဖိုးဖြင့် အရောင်းအဝယ်ပြုလုပ်ရန်အတွက် YB နှင့် ကုမ္ပဏီမှ Colliers International Consultancy & Valuation (Singapore) Pte Ltd ("ကုမ္ပဏီနှင့်ဆက်နွယ်မှုမရှိသော ရာဖြတ်အဖွဲ့အစည်း") အား ပူးတွဲခန့်အပ်ခဲ့ပါသည်။ ကုမ္ပဏီနှင့်ဆက်နွယ်မှုမရှိသော ရာဖြတ်အဖွဲ့အစည်းမှ depreciated replacement cost method and income method ကို အသုံးပြု၍ ရောင်းချပစ္စည်းအား ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ရက် တွင် တန်ဖိုးသတ်မှတ်ခဲ့ပြီး၊ ၎င်းတန်ဖိုးပေါ်တွင် အခြေခံ၍ အရောင်းအဝယ်ပြုခြင်း ဖြစ်ပါသည်။

## ၃။ ဆက်နွယ်ပတ်သက်သည့်သူများနှင့် အရောင်းအဝယ်လုပ်ဆောင်ချက်

ကုမ္ပဏီ၏ အမှုဆောင်ဥက္ကဋ္ဌဖြစ်သော ဦးသိမ်းဝေ @ Mr. Serge Pun သည် ကုမ္ပဏီ၏အစုရှယ်ယာအများစုအား ပိုင်ဆိုင်ထားသော ရှယ်ယာရှင်ဖြစ်ပါသည်။ ကုမ္ပဏီသည် ရိုးမဘဏ် ၏ အစုရှယ်ယာ (၆၆.၄၇) % ကိုပိုင်ဆိုင်သည့်အပြင် TED ၏ အစုရှယ်ယာ (၃၀) % ကိုလည်းပိုင်ဆိုင်ထားပါသည်။ ဦးသိမ်းဝေ@ Mr. Serge Pun သည် TED နှင့် SCIS တို့၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ ဦးထွန်းထွန်း သည်လည်း SCIS၏ ဒါရိုက်တာ တစ်ဦးဖြစ်ပါသည်။ ကုမ္ပဏီ၏အမှုဆောင်မဟုတ်သော ဒါရိုက်တာ ဦးကြည်အေး သည်လည်း TED ၏ အမှုဆောင်မဟုတ်သောဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးသိမ်းဝေ ၊ဦးထွန်းထွန်း နှင့် ဦးကြည်အေး တို့အနေဖြင့် ၎င်းအရောင်းအဝယ်လုပ်ဆောင်ချက်များအပေါ် မဲပေးခြင်းများ မပြုလုပ်ကြပါ။

အထက်ပါ ပုဂ္ဂိုလ်များမှအပ ကုမ္ပဏီ၏ အခြား ဒါရိုက်တာများသော်လည်းကောင်း၊ အခြား အစုရှယ်ယာရှင်များသော်လည်းကောင်း ယခုအရောင်းအဝယ် လုပ်ဆောင်ချက်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခြားသော အကျိုးစီးပွား တစ်စုံတစ်ရာ ပါဝင်ပတ်သက်မှုမရှိပါ။

## ၄။ ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ

အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးသည် ကုမ္ပဏီ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဝါဒလက်စွဲနှင့်အညီ ကုမ္ပဏီအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသော အတိုင်းအတာထက် ကျော်လွန်ခြင်းမရှိပါသောကြောင့် ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေကို အကျိုးသက်ရောက်မှုမရှိပါ။

| | MMK 'million |
|---|---|
| Group's Total Consolidated Asset Value as at 30 September, 2022 | 3,728,179 |
| 5% Materiality Threshold | 186,409 |
| Transaction Value | 111,242 |
| less The Company's interest in TED | (33,373) |
| Related Party Transaction Value | 77,869 |
| Percentage to Group's Total Consolidated Asset Value | 2.09% |

## ၅။ စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ်များ စီမံခန့်ခွဲရေးကော်မတီ၏ သုံးသပ်ချက်

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိမှုအန္တရာယ်များ စီမံခန့်ခွဲရေးကော်မတီသည် (က) အထက်ပါအရောင်းအဝယ်လုပ်ဆောင်ချက်သည် ကျိုးကြောင်းသင့်တော်မှုရှိခြင်း၊ (ခ) ကုမ္ပဏီနှင့်ဆက်နွယ်မှုမရှိသော ရာဖြတ်အဖွဲ့အစည်းမှ သတ်မှတ်ခဲ့သောအရောင်းတန်ဖိုးသည် ဈေးကွက်တန်ဖိုးနှင့် ဆီလျော်မှုရှိခြင်း၊ (ဂ) ကုမ္ပဏီနှင့် ဆက်နွယ်မှု မရှိသော ရာဖြတ်အဖွဲ့အစည်းမှ အသုံးပြုတွက်ချက်သည့် နည်းလမ်းမှာ ဈေးကွက်စံနှုန်းများနှင့် ညီညွတ်မှုရှိသည့်အတွက် ကုမ္ပဏီနှင့် အစုရှယ်ယာ အနည်းစုပိုင်ဆိုင်ထားသော အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအား ထိခိုက်မှုမရှိသော ပုံမှန်စီးပွားရေးလုပ်ဆောင်ချက်နှင့် ကိုက်ညီမှုရှိကြောင်း သုံးသပ်ဆုံးဖြတ်ထားပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၂၃ ခုနှစ်၊ မတ်လ၊ (၃၁) ရက်

1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm